www.free4reader.com

PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ သတင်းဂျာနယ်

www.pyimyanmarnews.com အမှတ် (၁၀၄၀) 8-9-2016 ( ကြာသပတေးနေ့ )






Photo : Myanmar State Counsellor Office(FB) မေငယ်

၂၁ ရာစု ပင်လုံ ပထမအစည်းအဝေးနောက်ဆုံးနေ့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကားပြောကြားစဉ်

## အတိတ်မှ ရုန်းထွက် တည်ဆောက်သင့်သော ပြည်တွင်း ငြိမ်းချမ်းရေး

စာ-၁၂

‘ဝ’ ထိန်းချုပ်နယ်မြေမှ ထွက်သော ခဲမဖြူက ကမ္ဘာ့ခဲမဖြူဈေးကွက်ကို လှုပ်ခတ်မှုဖြစ်ဟု ဗြိတိန်အခြေစိုက်သတင်းဌာန ဖော်ပြ စာ-၃

မြန်မာ့စက်မှုထုတ်ကုန် အညွှန်းကိန်း စာ-၆
နောက်ဆုံးသုံးလအတွင်း မြန်ဆန်စွာ ဆက်တိုက် ကျဆင်းနေဟု PMI စစ်တမ်းက ဖော်ပြ

ပုဂံရှိ ငလျင်ဒဏ်သင့်စေတီများကို ယခုလ ပထမပတ်အတွင်း ပြည်ပပညာရှင်များ လာရောက်စစ်ဆေးမည် စာ-၁၅

# ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း ရေနက်ဆိပ်ကမ်းတည်ဆောက်ရေး ဂျပန်တို့ကွင်းဆင်းလေ့လာခဲ့မှုကို အစိုးရသစ် ပြန်လည်ဆောင်ရွက်သင့်ဟု ဆို



မေငယ်

သီလဝါဆိပ်ကမ်းမြင်ကွင်းတစ်နေရာ

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်အတွင်း တန်ချိန်တစ်သိန်းနှင့်အထက် သယ်ဆောင်နိုင်သည့် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်မည့် ရေနက်ဆိပ်ကမ်းတစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံမှ ကုမ္ပဏီများကွင်းဆင်း၍ ပူးပေါင်းဆောင်ရွက်ခဲ့သည့် Surveys အသေးစိတ်လုပ်ငန်းအကြောင်းအရာများအား အစိုးရသစ်အနေဖြင့် ပြန်လည်ဆောင်ရွက်သင့်သောကြောင့် အကြံပြုတင်ပြထားကြောင်း ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြည်မြန်မာသတင်းဂျာနယ်သို့ စက်တင် ဘာလ ၃ ရက်တွင် ပြောသည်။ အဆိုပါစီမံကိန်းကို လွန်ခဲ့သော ၁၉၉၉ ခုနှစ်က .... စာ-၁၉ သို့



www.free4reader.com





















## "ဝ" ထိန်းချုပ်နယ်မြေမှထွက်သော ခဲမဖြူသတ္တုက ကမ္ဘာ့ခဲမဖြူဈေးကွက်ကို လှုပ်ခတ်မှုဖြစ်စေခဲ့ဟု ဗြိတိန်အခြေစိုက်သတင်းဌာန ဖော်ပြ

တရုတ်နယ်စပ် "ဝ" ဒေသမှထွက်ရှိသော ခဲမဖြူသတ္တုက ကမ္ဘာ့ခဲမဖြူဈေးကွက်ကို လှုပ်ခတ်မှုဖြစ်ပေါ်နေစေကြောင်း ဗြိတိန်အခြေစိုက် The Financial Time သတင်းဌာနက စက်တင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြလာသည်။



Photo : www.themeltingpot4u.com

**ကမ္ဘာ့ဈေးကွက်ကိုကိုင်လှုပ်**

**မြန်မာ့ပိုင်နက်နယ်မြေဖြစ်သော်လည်း၊ တရုတ်နှင့် နီးစပ်လွန်းသော "ဝ" နယ်မြေမှထွက်ရှိသည့် ခဲမဖြူသတ္တုမှာ တရုတ်နိုင်ငံမှတစ်ဆင့် ကမ္ဘာ တစ်လွှားကို ဈေးကွက်ကိုင်လှုပ်နိုင်ခဲ့ခြင်းဖြစ်ပြီး၊** "ဝ" သွေးစည်းညီညွတ်ရေးလက်နက်ကိုင်အဖွဲ့က ယင်းသတ္တုတွင်းများကို ထိန်းချုပ်ထားကြောင်းလည်း သတင်းဌာနက ဆိုသည်။

International Tin Research Institute ၏ အချက်အလက်များအရ **လွန်ခဲ့သော လေးနှစ်ကထက်ထုတ်လုပ်မှု ၁၀ ဆမက မြင့်တက်လာနေပြီး တရုတ်၏ ခဲမဖြူလိုအပ်ချက်နှင့် နိုင်ငံတကာဈေးကွက်ဆီ တင်ပို့နေခြင်းလည်းဖြစ်ကာ** အရည်အသွေးမြင့်မားလွန်းလှသော အဆိုပါသတ္တုကုန်ကြမ်းများက ကမ္ဘာ့ဈေးကွက်၌ ခဲမဖြူပြတ်လပ်မှုဖြစ်ပွားနေခြင်းကို အဓိကဖြည့်တင်းပေးသလိုဖြစ်ကြောင်း မြန်မာနိုင်ငံမှထွက်သည်ဟူသော တံဆိပ်ကပ်နိုင်ခံရမှုဖြင့် ပြန်ဟုသတ္တုတွင်းလုပ်ငန်းများကို ကမ္ဘာက တစ်ကျော့ပြန်အသိအမှတ်ပြုလာကြောင်းလည်း သိရသည်။

**အဓိကအခြေ**

"ဒါဟာလက်နက်ကိုင်အုပ်စုက ဘာကြောင့် တောင့်ခံထားနိုင်လဲဆိုတာရဲ့ အဓိကအခြေပဲ" ဟု ရန်ကုန်အခြေစိုက်နိုင်ငံရေးလေ့လာသူ Richard Horsey က ပြောသည်။ **လျှပ်စစ်ထုတ်လုပ်မှုအတွက် အဓိကကုန်ကြမ်းတစ်မျိုးလည်းဖြစ်နေသော ခဲမဖြူကို ပီရူးနှင့် ကွန်ဂိုကဲ့သို့သော နိုင်ငံများတွင်လည်း ထွက်ရှိနေပြီး ယင်းနိုင်ငံများ၌ ထုတ်လုပ်မှုကျဆင်းလာချိန်တွင် မြန်မာက ခဲမဖြူအမြောက်အမြား ထုတ်လုပ်ပေးခဲ့မှုက** နှစ်အနည်းငယ်အတွင်း ကမ္ဘာ့ခဲမဖြူဈေးကွက် ပြတ်လပ်မှုကို ဖြည့်ဆည်းပေးနိုင်ခဲ့သော်လည်း အကန့်အသတ်ရှိသော သတ္တုပစ္စည်းသဘောသဘာဝအရ ထုတ်နိုင်မှုပမာဏ ကျဆင်းလာနေပြီဟုလည်း သိရသည်။

လက်ရှိတွင် ခဲမဖြူ တစ်တန်လျှင် ဒေါ်လာ ၁၈၇၇၀ အထိ ဈေးနှုန်းမြင့်တက်နေပြီး ဈေးကွက်အတွင်း၌ လာမည့်နှစ်တွင် တန်ချိန် ၅၀၀၀ ထက်မနည်းလိုအပ်နေမည်ဖြစ်ကြောင်းလည်း International Tin Research Institute ၏ အချက်အလက်ကို ကိုးကား၍ The Financial Time က ဖော်ပြသည်။

**အောင်ဝိုင်အိ**

## ဘတ်စ်ကားများသွားလာနေသည့် အချက်အလက်ကို ခရီးသည်များသိနိုင်ရန် BRT ၌ စတင်ရန်ရှိ




ရန်ကုန်မြို့တွင်းသွားလာနေကြသော ခရီးသွားပြည်သူများ ဘတ်စ်ကားစောင့်ဆိုင်းနေရမှုကို အဆင်ပြေစေရေးအတွက် **ဘတ်စ်ကားများပုံမှန်သွားလာသည့်အချိန်၊ နောက်ထပ်ရောက်လာမည့်ကားစသည်တို့ကိုတွက်ချက်ပြပေးသော Application တစ်ခုကို ရန်ကုန်အများပိုင်ဘတ်စ်ကားလိုင်းများတွင် ထည့်သွင်းသွားနိုင်ရန် ပြင်ဆင်သွားမည်ဖြစ်ကြောင်း၊** မထသ(ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က စက်တင်ဘာ ၃ ရက်တွင် ပြောသည်။

**တောင်ကိုရီးယားနိုင်ငံတွင်** ဘတ်စ်ကားစီးပြည်သူများအားလုံးနီးပါး ဘတ်စ်ကားစောင့်ဆိုင်းနေစဉ်အတွင်း ယင်းကဲ့သို့သော Application များဖြင့် မိမိသွားလိုသောနေရာကိုရောက်နိုင်မည့်ကား၊ မိမိစောင့်ဆိုင်းနေစဉ် နောက်ထပ်မိနစ်မည်မျှအကြာတွင် ရောက်လာမည့်ကား စသည်တို့ကို သိရှိသုံးစွဲနိုင်နေသည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း သိရသည်။ **"ဒီနိုင်ငံမှာကတော့ ဘယ်အချိန်မှာ နောက်တစ်စီးရောက်မယ်ဆိုတာ မှန်းရခက်တယ်၊ အဲဒီလောက်မလုပ်နိုင်ပေမယ့် ကိုယ်က ဒီတစ်စီးကို မမီလိုက်ရင် နောက်တစ်စီးက ဘယ်နေရာမှာရောက်နေပြီဆိုတာ သိနိုင်စေဖို့ကိုတော့ ကျွန်တော်တို့ကြိုးစားသွားဖို့ရှိတယ်"** ဟု ဦးလှအောင်ကပြောသည်။ လက်ရှိ BRT ကားများတွင် အချို့သော ကားများမှာ နည်းပညာပိုင်းအရ ထပ်မံအဆင့်မြှင့်၍ရနိုင်သော ကားများရှိသော်လည်း Higher ကားများမှာမူ ထပ်မံထည့်သွင်းရန် ခက်ခဲလှကြောင်း၊ ဒေဝူးနှင့် ဟွန်ဒိုင်းကားများမှာ မူလကတည်းက နည်းပညာပိုင်းချိတ်ဆက်သုံးစွဲမှု ရှိနေသည့်အတွက် အဆင်ပြေကြောင်း ၎င်းကဆိုသည်။ "အများကြီးမလုပ်နိုင်သေးရင်တောင် ခရီးသည်တွေက ကိုယ်စီးမယ့် ဘတ်စ်ကားတွေရဲ့သတင်းအချက်အလက်လေးတွေရစေဖို့ ဖြစ်အောင် စီစဉ်မှာပါ" ဟု ၎င်းက ပြောသည်။ ယင်းအတွက် အများပိုင်ဥက္ကဋ္ဌထံသို့ တင်ပြသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။ **ခရီးသွားပြည်သူများအားလုံးနီးပါးမှာ မိုဘိုင်းဖုန်းများရှိနေသည့်အတွက် BRT ကားစီးမည့်သူများက အဆိုပါ Application ကို ဖြည့်သွင်းပြီး အဆင်ပြေပြေ ကားစောင့်စီးနိုင်စေရန် ဖန်တီးပေးသွားမည်**ဟု သိရသည်။ လက်ရှိတွင် BRT ယာဉ်လိုင်းများကို ထပ်မံတိုးချဲ့ပြေးဆွဲမှုစတင်နေပြီဖြစ်သည်။

**အောင်ဝိုင်အိ(သတင်း၊ ဓာတ်ပုံ)**



www.free4reader.com



# ရန်ကုန်၌ မြေအောက်ရထားစီမံကိန်းစတင်ရန် စဉ်းစားသင့်ပြီဟု ပညာရှင်အချို့ တိုက်တွန်း




ဗီယက်နမ်နိုင်ငံ၏မြေအောက်ရထားလမ်းစီမံကိန်းဒီဇိုင်းပုံစံကို တွေ့ရစဉ်

ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေမှုတွင် မြေအောက်ရထားစနစ်ကို ထည့်သွင်းအကောင်အထည်ဖော်ရန်လိုအပ်နေပြီဖြစ်ကြောင်း **ပညာရှင်အချို့နှင့်ဌာနဆိုင်ရာတာဝန်ရှိသူအချို့က ထုတ်ဖော်တိုက်တွန်းပြောကြားလာကြကြောင်း** စက်တင်ဘာ ၃ ရက်က သိရသည်။

ရန်ကုန်မြို့တွင် လူဦးရေ ခုနစ်သန်းနီးပါးရှိလာနေပြီဖြစ်ပြီး ဘတ်စကားလိုင်းများကိုသာ အဓိကဦးစားပေးသုံးစွဲနေရသည်။ "**ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှုပြဿနာကို ဖြေရှင်းဖို့အတွက်မြေအောက်ရထားစီမံကိန်းကို အစိုးရဘက်က စတင်စဉ်းစားဖို့လိုနေပါပြီ**" ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးလှဘော်က ပြောကြောင်း မြဝတီသတင်းစာတွင်ဖော်ပြထားသည်။

**မြေအောက်ရထားလမ်းစီမံကိန်း**

မြို့ပတ်ရထားလမ်းကိုအဆင့်မြှင့်တင်ရန် အစိုးရဘက်က စဉ်းစားနေချိန်တွင် မြေအောက်ရထားလမ်းစီမံကိန်းကိုလည်းပဖြစ်မနေထည့်သွင်းစဉ်းစားသင့်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုကိုပါ ကမ်းလှမ်းသင့်ကြောင်းဆို သည်။ ဩဂုတ်လ ၂၇ ရက်ကမြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရုံး၌ကျင်းပသော **မြေအောက်ရထားစီမံကိန်းဆိုင်ရာ ဆွေးနွေးပွဲ**တွင် ပညာရှင်များကတညီတညွတ်တည်း ပြောကြားကြပြီး စီမံကိန်း၏တန်ဖိုးအရ တစ်ကီလိုမီတာလျှင် ဒေါ်လာ သန်း ၁၀၀ ခန့် ကုန်ကျနိုင်ကြောင်းလည်းသိရသည်။

**လုပ်ကိုလုပ်ရမည်**

"ဒါကလုပ်ကို လုပ်ရမယ့်စီမံကိန်းမျိုးပါ။ အစိုးရမှာ ငွေတော့ မတတ်နိုင်တာမှန်တယ်။ ဒါပေမဲ့ အခု အစိုးရပိုင်းက စဉ်းစားနေတဲ့အပေါ်ကနေသွားမယ့် ရထားလမ်းထက်စာရင် မြေအောက်ရထားက ပိုပြီးသင့်တော်တယ်" ဟု မြန်မာ့မီးရထားမှ အဆင့်မြင့်အရာရှိတစ်ဦးက စက်တင်ဘာ ၁ ရက်တွင် ပြည်မြန်မာသို့ ပြောသည်။ **ရန်ကုန် ၂၀၄၀ စီမံကိန်းတွင်လည်း မြေအောက်ရထားစီမံကိန်းက ပါဝင်နေပြီး** ပြည်ထောင်စုအဆင့်က ယင်းကို စီမံခန့်ခွဲပေးရမည်ဖြစ်ကာ စီမံကိန်းအကောင်အထည် ဖော်ဖြစ် ပဖြစ်မှာမူ အစိုးရဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၏ အနာဂတ်မျှော်မြင်နိုင်မှုအပေါ်တွင်သာ မူတည်နေကြောင်းလည်း ဆိုသည်။ "**မြေအောက်ရထားဆိုရင် မြေအပေါ်ကသွားသလိုမျိုး မြေယာအရှုပ်အရှင်းညှိနှိုင်းရမှုတွေ သက်သာမယ်။ ပြီးတော့ မြေအောက်ရထားဘူတာရုံတွေဟာ ကားလမ်းမကြီးတွေရဲ့အောက်မှာပဲ ရှိသင့်သလို၊ မြို့တွင်းမှာဆိုရင် ဆူးလေကိုဗဟိုပြုသင့်တယ်**" ဟု အဆိုပါအရာရှိက ဆက်လက်ပြောကြားသည်။

**ဆူးလေကိုဗဟိုပြု**

၎င်း၏ အဆိုအရ **ဆူးလေဘုရားလမ်းမကြီးကိုဗဟိုပြု၍ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းစသည့် လမ်းကြောင်းတစ်ခုခုကို ဦးတည်ကာ ပြည်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းသို့လည်းကောင်း၊ ယင်းမှတစ်ဆင့် အင်းစိန်လမ်း၊ ဝေဇယန္တာလမ်းမကြီးစသည့် လမ်းကြောင်းများ၏ မြေအောက်၌** ဇနစ်တကျဖြန့်ခွဲ၍ အပိုင်းလိုက်တည်ဆောက်သင့်ကြောင်းလည်းသိရသည်။ "ဒါကို **နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုပေးပြီးတော့ သူတို့ ဆီကနေ အစိုးရကအခွန်ပဲ ထိုင်ကောက်နေရင်တောင်အဆင်ပြေမယ်လို့** ကျွန်တော်ကတော့ ယူဆပါတယ်" ဟု မီးရထားအရာရှိက ပြောသည်။

... **အေးပိုင်အိ**






www.free4reader.com



# သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

## မျက်လုံးတစ်ဝိုက် အဝါရောင်အကွက်တွေ ပေါ်လာတာဘာကြောင့်ပါလဲ

မျက်လုံးတစ်ဝိုက်က အရေပြားပေါ်မှာ အဝါရောင်အကွက်လေးတွေ ဖြစ်နေတာကို Xanthelasma လို့ ခေါ်ပြီး နှလုံးရောဂါရဲ့ လက္ခဏာတစ်ခုပါ။ မျက်ခွံအတွင်းထောင့်နေရာမှာ အဝါရောင်ကွက်လေးတွေရှိနေတတ်ပါတယ်။ **ဒေါက်တာခင်မိုးမိုး**

## တီဘီရောဂါရှိသူ ဘယ်လိုအခြေအနေမှာ ကုသဖို့လိုပါသလဲ

သလိပ်စစ်လိုက်လို့ တီဘီပိုးရှိရင် ဒါဟာရောဂါအဆင့်၊ ဒါတင်မကဘူး။ သူများကိုကူးစက်မယ့်အဆင့်လည်းဖြစ်တယ်။ တီဘီဟာ အတူနေ၊ အတူစားသူကိုပါ ကူးစက်နိုင်ပါတယ်။ ဒီအခြေအနေမှာ ကုသဖို့လိုပါတယ်။

**ပါမောက္ခဒေါက်တာရတနာကျော်**
**(အဆုတ်နှင့် ရင်ခေါင်း၊အထူးကုဆရာဝန်ကြီး)**

## ထမင်းဟင်းချက်ပြုတ်ခြင်းရဲ့ အကျိုးကျေးဇူး သိချင်ပါတယ်။

ထမင်းဟင်းချက်တာဟာ စိတ်ဖိစီးမှုကို လျှော့နည်းစေပြီး စိတ်ပျော်ရွှင်ကြည်နူးစေပါတယ်။ ဟင်းလျာတွေ အသီးအနှံတွေကို လှီးတာ၊ ဖြတ်တာ၊ အခွံနွှာတာတွေဟာ စိတ်ကိုတည်ငြိမ်စေပါတယ်။ **တမြည်ဝင်း (ဆေး/ဝါး၊တက္ကသိုလ်)**

## ပိုးသတ်အာနိသင်ပါတဲ့ဆပ်ပြာတွေကို သုံးသင့်ပါသလား

ပိုးသတ်အာနိသင်မပါရှိတဲ့ သာမန်ဆပ်ပြာကိုပဲ အသုံးပြုတာက ဖျားနာတာမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။ ပိုးသတ်အာနိသင်ရှိတဲ့ ဆပ်ပြာတွေဟာ ပဋိဇီဝ ပိုးသတ်ဆေးယဉ်ပါးမှုကို ဖြစ်စေတာကြောင့်ပါ။

**နန်းသီရိ (ဆေး/ဝါး)**




# တစ်နာရီ မိုင် ၆၀ နှုန်း ရန်ကုန် - မန္တလေး အမြန်ရထားစနစ် ၂၀၁၇ တွင် စတင်အဆင့်မြှင့်မည်ဖြစ်သော်လည်း ပြီးရန် ၁၀ နှစ်ခန့် စောင့်ရမည်

ရန်ကုန်-မန္တလေးအမြန်ရထားလမ်းကို တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ (မိုင် ၆၀) ဖြင့် ပြေးဆွဲနိုင်ရေးအတွက် အဆင့်မြှင့်တင်မှုကို **၂၀၁၇ တွင် စတင်မည်ဖြစ်သော်လည်း၊ အပိုင်းလိုက်လုပ်ဆောင်မှုအရ ၁၀ နှစ်ကြာမှသာလျှင် ကီလိုမီတာ ၁၀၀ ဖြင့် ပြေးနိုင်မည့်သဘောမျိုးဖြစ်နေကြောင်း၊** မြန်မာ့မီးရထားမှ ဇက်တင်ဘာ ၃ ရက်က သတင်းရရှိသည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၏ အထူးချေးငွေဖြင့် အမြန်ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စတင်ရန် ဖြစ်နိုင်ခြေ စစ်တမ်းကောက်ယူမှုလုပ်ငန်းပြီးစီးနေပြီဖြစ်ပြီး **၂၀၁၇ ခုနှစ်တွင်ပထမအဆင့်အဖြစ်ရန်ကုန်မှတောင်ငူသို့ ကီလိုမီတာ ၁၀၀ ဖြင့် ပြေးဆွဲနိုင်ရေးအဆင့်မြှင့်တင်သွားမည်ဟု** သိရသည်။

### ၁၀ နှစ်ခန့်စောင့်ရမည်

"**Phase တစ်ခုကို သုံးနှစ်လောက် အချိန်ယူရမယ်၊ ပထမအဆင့်ပြီးသွား၊ ရင်တောင်ငူ-ရမည်းသင်းအထိက ဒုတိယအဆင့်လုပ်မယ်၊ ပြီးမှ ရမည်းသင်း-မန္တလေး ဆက်လုပ်မယ်။** အဆင့်သုံးခုလုံးပြီးရင် ရန်ကုန်ကနေ မန္တလေးအထိ ကီလိုမီတာ ၁၀၀ နဲ့ ပြေးဆွဲနိုင်ဖို့ **ပြန်ပြီးစမ်းသပ်တာ အပါအဝင် ၁၀ နှစ်လောက်စောင့်နေရမယ်**"ဟု မြန်မာ့မီးရထားမှ အဆင့်မြင့်အရာရှိတစ်ဦးကပြောသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကီလိုမီတာ ၁၀၀ ဖြင့်ပြေးဆွဲသောရထားဆိုသည်မှာ ခေတ်နောက်ကျ၍ ကျန်နေခဲ့ပြီဖြစ်ပြီး ရထား ဝန်ဆောင်မှု၌ ကမ္ဘာ့နောက်အကျဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံက ရပ်တည်နေသည့်သဘောမျိုးလည်းဖြစ်နေကြောင်း သိရသည်။ **အထူးသဖြင့် ကမ္ဘာ့တစ်လွှားတွင် ကီလိုမီတာ ၁၀၀ ဆိုသည်မှာ သာမာန်ကုန်ရထားအဆင့်တွင်သာရှိနေပြီး** နောက်လာမည့် ၁၀ နှစ်ခန့်အတွင်းမှာပင် ကီလိုမီတာ ၂၀၀၊ ၃၀၀၊ ၄၀၀ စသဖြင့် ပြင်ဆင်ထားကြပြီးသားလည်းဖြစ်ကြောင်း သိရသည်။

### ရပ်တန့်ထား၍မရ

လက်ရှိရထားလမ်းကိုအဆင့်မြှင့်တင်ရေးတွင်လည်းလက်ရှိပြေးဆွဲနေ မှုကိုရပ်တန့်ထား၍ မရဘဲ တစ်လမ်းပြင်တစ်လမ်း မောင်းဆိုသည့် စနစ်ဖြင့်လုပ်ဆောင်နေရသည့်အတွက်ကြောင့် လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာတွင် ဆယ်စုနှစ်များစွာ နောက်ကျကျန်နေခဲ့မှုကြောင့်လည်းကောင်း ထင်သလောက် အလုပ်မတွင်ဖြစ်နေရခြင်းဟု သိရသည်။ "ပြင်ရမယ့်အပိုင်းမှာတော့ တံတားတွေရော ဘူတာတွေရော၊ လမ်းမြေပြင်အနေ အထားတွေရော အများကြီးပဲရှိသေးတယ်" ဟု အရာရှိက ဆက်လက်ပြောကြားသည်။ ရန်ကုန်မှ မန္တလေးသို့ ကီလိုမီတာ ၁၀၀ ဖြင့်ရထားပြေးဆွဲနိုင်မည်ဆိုပါက လက်ရှိရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးပေါ်တွင် သွားလာနေသောကားများနှင့် အချိန်သိပ်ကွာဟမှုမရှိဘဲ သွားလာနိုင်လိမ့်မည်ဖြစ်ကြောင်းသိ ရသည်။ ယင်းအတွက် လမ်းနှစ်ခုလုံးနီးပါးကိုပြင်ဆင်သွားရမည်ဖြစ်ကာ ဘူတာရုံပိုင်များအနေဖြင့် ဘူတာရုံအပြင်သို့ထွက်၍ အလဲ စီမံပြနေရမည့်အစား ရုံအတွင်းမှပင် ထိန်းချုပ်ခလုတ်စနစ်များကိုပါ သုံးစွဲခွင့်ရစေမည်ဟု သိရသည်။ သို့သော်လည်း ၁၀ နှစ်စောင့်ဆိုင်းရမည်မှာ အမှန်တရားပင်ဖြစ်သည့်အတွက်လာမည့် ၂၀၂၅ ခန့်မှသာလျှင် ကီလိုမီတာ၁၀၀အမြန် ရထားကို စီးခွင့်ရှိမည့်သဘောမျိုးလည်း ဖြစ်နေသည်။ **အေးပိုင်အီး (သတင်း၊ ဓာတ်ပုံ)**



ရန်ကုန်-မန္တလေး အမြန်ရထားလမ်းကြောင်းတစ်နေရာ

# စည်ပင်ဧရိယာ ၃၁ နေရာတွင် မော်တော်ယာဉ်မောင်းများကို အရက်မူးတိုင်းကိရိယာဖြင့် စတင်စစ်ဆေးမည်

**ရန်ကုန်မြို့တော် စည်ပင်ဧရိယာ ၃၁ နေရာတွင် မော်တော်ယာဉ်မောင်းများကို အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေးအရေး ယူမည် ဖြစ်ကြောင်း၊** အမှတ် (၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ၃-၉-၂၀၁၆ ရက်တွင်ပြောသည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းကို နေပြည်တော်စီမံချက်အရယာဉ် မတော်တဆမှုများလျော့နည်းစေရန် ယာဉ်မောင်းသူများ၏အရက်သောက်သုံးမှုပမာဏကို တိုင်းတာစစ်ဆေးခြင်းဖြစ်ကာ ခရီးသည်တင်ယာဉ်မောင်းများ၊ အငှားယာဉ်မောင်းများနှင့် ကိုယ်ပိုင်ယာဉ်မောင်းသူများ၏ **သွေးတွင်းရှိ အရက် ပမာဏကို ရာခိုင်နှုန်း ၀ ဒသမ ၀၇ ထက် ကျော်လွန်ပါက အရက် မူးနေကြောင်း၊ သတ်မှတ်ကာ** အရေးယူသွားမည် ဖြစ်ကြောင်းသိရသည်။

"အရက်သေစာသောက်စား မောင်းနှင်ခြင်းမရှိစေရေးကို နယ်မြေအလိုက် စစ်ဆေးကြပ်မတ်နေပါတယ်။ အဖွဲ့မှာ အမျိုးသမီး တပ်ဖွဲ့ဝင်တွေလည်း ပါတယ်။ စစ်ဆေးတွေ့ရှိရင်ချလန်ဖြတ်မယ်၊ အရေးယူမယ်။ ယာဉ်မောင်း တာဝန်ခံကို့၊ မိဘဆွေမျိုးတွေကို အကြောင်း ကြားပေးမယ်၊ အောင်မြင်အောင် ဆောင်ရွက်မှာဖြစ်လို့ ထိထိရောက်ရောက်အရေးယူမှာပါ" ဟု ၎င်းကပြောသည်။




ထို့ပြင် ယာဉ်ကြောစီးဆင်းမှုကောင်းမွန်စေရန်အတွက် ပြည်လမ်းတွင်၁၀ နေရာ၊ ကမ္ဘာအေးဘုရားလမ်းတွင် ခြောက်နေရာ စုစုပေါင်း ၁၆နေရာတွင်လည်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကို အဖွဲ့ပေါင်းစုံ ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဩဂုတ်လအတွင်းက ယာဉ်တိုက်မှု ၁၆၅ မှု ဖြစ်ပွားခဲ့ရာ သေဆုံးသူ ၃၄ ဦးနှင့် ဒဏ်ရာရသူ၂၀၈ ဦးရှိခဲ့ပြီး ကျူးလွန် သူအများစုမှာ အသက် ၄၀ ကျော်သူအများဆုံးဖြစ်ကာ ဒုတိယအများဆုံးမှာ အသက် ၃၀ ကျော်သူများဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့၏ စစ်တမ်းများအရသိရသည်။

**ရှိန်းဝင်းထိုက် (သတင်း၊ ဓာတ်ပုံ)**

ပြည်မြန်မာ သတင်းဂျာနယ် | Swesone Media Group: Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀၃၉၁၃၉၄၊ ၃၀၅၂၉၃၊ ၃၉၂၇၃၉

www.free4reader.com



# ဗိသုကာလက်ရာဆန်းပြားသည့် ဘန်ကောက်မြို့၏ အမြင့်ဆုံးအဆောက်အအုံကို ဖွင့်လှစ်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၏ အမြင့်ဆုံးအဆောက်အအုံဖြစ်သော Maha-Nakhon ကို ဩဂုတ်လ ၃၁ ရက်တွင် တရားဝင်ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ပေပေါင်း၁၀၃၀ အမြင့်ရှိသော အဆောက်အအုံကြီးသည် ဖွင့်ပွဲနေ့တွင် မီးရောင်အမျိုးမျိုးလွှမ်းခြုံနေခဲ့ပြီး Pace Development Corp က အမေရိကန်ဒေါ်လာသန်း ၅၂၀ ကျော်ဖြင့် တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **၇၇ ထပ် အမြင့်ရှိသော မိုးမျှော်တိုက်ကြီးတွင်** ဟိုတယ်၊ အရက်ဘား၊ စားသောက်ဆိုင်၊ ရှုပါးကက်နှင့် ရှုခင်းကြည့်ရန် နေရာတစ်ခုတို့ ပါဝင်သည်။ လာမည့်နှစ် အနည်းငယ်အတွင်း လူနေအခန်းပေါင်း ၂၀၀ ခန့် ပါဝင်သည့် မိုးမျှော်တိုက်မှ ဟိုတယ်၊ ရှုပါးကက်နှင့် ရှုခင်းကြည့်နေရာကို ဒေါ်လာ ၃၇၆ သန်းကျော်ဖြင့် ရောင်းချသွားရန် အစီအစဉ်ရှိသည်။ အဆောက်အအုံ၏ **အသွင်အပြင်ကို အလိမ်အတွန့် Pixel သင်္ကေတန်ပါဝင်အောင်** ဗိသုကာလက်ရာဆန်းပြားစွာဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ MahaNakhon မိုးမျှော်တိုက်ကြီးသည် **ဘန်ကောက်မြို့၏ အမြင့်ဆုံးအဆောက်အအုံ** ဖြစ်လာသော်လည်း ၂၀၁၈ ပေ အမြင့်ရှိသည့် Super Tower အဆောက်အအုံကို ၂၀၁၉ ခုနှစ်တွင် အပြီးတည်ဆောက်သွားရန် ရှိနေသည်။ MahaNakhon မိုးမျှော်တိုက်ကို ဖွင့်လှစ်ချိန်တွင် အချို့ကလည်း အဆောက်အအုံကြီး၏ **ဆန်းပြားသောဒီဇိုင်းသည် ဆောက်လက်စ မပြီးစီးသေးသည့် မိုးမျှော်တိုက်ကြီးနှင့် တူနေသည်ဟုလည်း** ဝေဖန်သံများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

(BP, 2.9.2016)

မေဗွန်






# တက်ကြွလှုပ်ရှားသူ အမျိုးသမီးက စွန့်ပစ်ပစ္စည်း အမှိုက်ခြောက်များကို အသုံးပြု၍ ဆင်းရဲသားများအတွက် နေအိမ်များဆောက်လုပ်



ပြီးခဲ့သည့် နှစ်ပေါင်း ၅၀ ကျော် ကာလအတွင်း ပါကစ္စတန်နိုင်ငံမှ နာဂီလာ တစ်ဖိအမည်ရှိ အမျိုးသမီးတစ်ဦးသည် အမှိုက်ခြောက်များကို ပြန်လည်အသုံးပြုရန် လှုံ့ဆော်မှုများ တက်ကြွစွာ လုပ်ဆောင်ခဲ့သည်။ အမှိုက်များကို မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုပမာဏ ပိုမိုမြင့်တက်လာစေရုံသာ ရှိလိမ့်မည်ဖြစ်ပြီး အမှိုက်များကို ပြန်လည်အသုံးပြုသည့် နည်းလမ်းပေါင်းများစွာ ရှိသည့်အနက်မှ နာဂီက **အမှိုက်ခြောက်များဖြင့် ထုတ်လုပ်ထားသော ဆုတ်ခံများနှင့် ကရာချီမြို့ ဆင်းရဲသားလူနေထုအတွက် တန်ဖိုးနည်း နေအိမ်များ ဆောက်လုပ်ပေးနိုင်ခဲ့သည်ဟု** သိရသည်။ ၁၉၆၀ ပြည့်နှစ်တွင် နာဂီ၏ အိမ်ရှေ့၌ အမှိုက်များကို မီးရှို့ခြင်းနှင့်ပတ်သက်၍ စကားများနေကြသူနှစ်ဦးကို တွေ့ရှိပြီးနောက် စတင်စိတ်ကူးရရှိခဲ့ခြင်းဖြစ်သည်။ နာဂီသည် ကိုယ်ကျိုးမဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော Gul Bahao ကို တည်ထောင်ထားပြီး **အမှိုက်များကို စွန့်ပစ်မည့်အစား ပြန်လည်အသုံးပြုရန် လှုံ့ဆော်မှုများ** ပြုလုပ်ခဲ့သည်။ အမှိုက်ကောက်သမားများသည်လည်း မိမိတို့ထံသို့ စာရွက်များ၊ ကတ္တူပြားများ၊ ဈေးဝယ်အိတ်များ၊ ပလတ်စတစ်များ၊ မှန်များနှင့် သတ္တုစွန့်ပစ်ပစ္စည်းများကို ယူဆောင်လာရန် ဆိုထားပြီး တန်ရာတန်ကြေးပေးကာ ပြန်လည်ဝယ်ယူလေ့ရှိသည်။ ၂၀၀၅ ခုနှစ်တွင် ပါကစ္စတန်၌ ငလျင်လှုပ်ခတ်စဉ်အခါကလည်း နာဂီသည် အမှိုက်ခြောက်များဖြင့် ပြုလုပ်ထားသည့်ဆုတ်ခံများကို လိုက်လံဝေငှပေးခဲ့သည်။ ယခုအချိန်ထိ နိုင်ငံတစ်ဝန်းတွင် **စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် နေအိမ်ပေါင်း ၁၅၀ ကျော် ရှိနေပြီဖြစ်**သည်။ အသက် ၆၀ အရွယ် နာဂီ၏ အဖွဲ့အစည်းတွင် ဝန်ထမ်း ၇၀ ရှိရာမှ ရန်ပုံငွေစုဆောင်းရန် အခက်အခဲများကြောင့် ယခုအခါ ဝန်ထမ်း ခုနစ်ဦးသာ ကျန်ရှိတော့သည်။ နာဂီက "လူတွေကို အကြံပေးတဲ့အခါ အမှိုက်တွေကြားမှာ မနေချင်ပါဘူးလို့ ပြန်ပြောတတ်ကြတယ်၊ ဒါပေမဲ့ **စွန့်ပစ်ပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့ ဆုတ်ခံတွေက** သန့်ပါတယ်၊ တွေးခေါ်ပုံတွေနဲ့ အယူအဆတွေကို ပြောင်းလဲပစ်နိုင်ဖို့ကတော့ ခဲယဉ်းပါတယ်" ဟု ဆိုခဲ့သည်။ **ကရာချီမြို့တွင် နေ့စဉ်ထွက်ရှိသည့် အမှိုက်မှာ ပေါင်ချိန် ၁၂၀၀၀ ကျော်ရှိသည့်အတွက် ၎င်းအမှိုက်များဖြင့် လုပ်ဆောင်နိုင်သည့် အရာများစွာရှိသည်ဟု** နာဂီက နမြောတသစွာ ဆိုခဲ့ကြောင်း သိရသည်။

(OC, 2.9.2016) မေဗွန်

www.free4reader.com






## လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသော စေတီပုထိုးများ ပြန်လည်ပြုပြင်ရန် တရုတ်နိုင်ငံက ငွေကျပ် သိန်း ၁၀၀၀ လှူဒါန်း




မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr. Hong Liang သည် ၁-၉-၂၀၁၆ ရက်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်၌ကျင်းပသော "**လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသည့် စေတီ၊ ပုထိုးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန် အလှူငွေပေးအပ်ခြင်း အခမ်းအနား**" သို့ တက်ရောက်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ **တရုတ်သံရုံးနှင့် ယူနန်ပြည်နယ် ရွှေလီမြူနီစပယ်အုပ်ချုပ်ရေးဌာနမှ ကိုယ်စားလှယ်အဖွဲ့**သည် လျှောင်ဒဏ်ကြောင့် ပျက်စီးသွားသောဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေ ကျပ် သိန်း ၁၀၀၀ ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (CE)

## Aroma Wedding Show 2017 ထူးခြားစွာကျင်းပမည်



Aroma Zulu Studio မှပြုလုပ်မည့် ၂၀၁၇တွင် မင်္ဂလာပွဲဆင်နွှဲကြမည့် မင်္ဂလာမောင်နှံများအတွက် **Aroma Wedding Show 2017 ကိုလာမည့် အောက်တိုဘာ ၂ရက်တွင်** ရန်ကုန်မြို့ Gandamar Whole Sale ရှိ Gandamar Grand Ballroom တွင်ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂ရက်ကသိရသည်။ အဆိုပါပွဲတွင် Aroma မှတီထွင်ချုပ်လုပ်ထားသော နောက်ဆုံးပေါ်ခေတ်ဗီဆန်းသစ်သည့် မြန်မာ့ရိုးရာမသီမ်းဝတ်စုံများ၊ အနောက်တိုင်းမင်္ဂလာဝတ်စုံများ၊ ပွဲတက်ဝတ်စုံများကိုနာမည်ကျော်အနုပညာရှင် ၂၀ ကျော်က ဝတ်ဆင်ပြသသွားမည်ဟုသိရပြီး ထူးခြားဆန်းပြားသောအစီအစဉ်တင်ဆက်မှုများလည်း တင်ဆက်သွားမည်ဖြစ်ကြောင်းသိရသည်။ ဝ၂၅

## Grand Royal iD အမှတ်တံဆိပ် စတင်မိတ်ဆက်



Grand Royal မှ အသစ်ထပ်မံ ထုတ်လုပ်လိုက်သော iD အမှတ်တံဆိပ် စတင် မိတ်ဆက်သည့်အခမ်းအနားကို ၂၉-၈-၂၀၁၆ရက်က ရန်ကုန်မြို့ရှိ Novotel ဟိုတယ်တွင်ပြုလုပ်ခဲ့သည်။ အဆိုပါအမှတ်တံဆိပ်ကို **သောက်သုံးရ လွယ်ကူစေသော နှစ်လိုဖွယ်အရသာ**ပြုလုပ်ထားကြောင်း သိရပြီး မိတ်ဆက်ပွဲ အခမ်းအနားကို နာမည်ကျော်အနုပညာရှင်များဖြစ်ကြသည့် စိုင်းစိုင်းခမ်းလှိုင်နှင့် စန္ဒီမြင့်လွင်တို့ကဖျော်ဖြေသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်းသိရသည်။

ဝ၂၅

## Myint Tun Oo Gems & Jewellery မှ အထူးဈေးရောင်းပွဲပြုလုပ်



**ကိုစိုးလှိုင်ဦးနှင့် သရုပ်ဆောင် ရတနာခင်တို့ဖွင့်လှစ်ထားသော Myint Tun Oo Gems & Jewellery အထူး ဈေးရောင်းပွဲ**ကို စက်တင်ဘာလ ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ ဆိဒိုနားဟိုတယ်တွင် ကျင်းပခဲ့သော Most Exclusive Wedding Bridal Fair in Yangon Romance & Love ပွဲ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပွဲတွင် Myint Tun Oo Gems & Jewellery မှ ရတနာပစ္စည်းများကို အထူးလျှော့ဈေးများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဝ၂၅

